**အမှာ။** ။ဤ တစပဥ္စက ကမ္ဗဋ္ဌာန်း လက်ာကလေးကို အရ မကျက်ရသေးလျှင် လက်ရေးကောင်းကောင်းနှင့် ရေးပေး၍ ဖြစ်စေ၊ ဤ ရှင်ကျင့်ဝတ် စာအုပ်ကို ကြည့်၍ ဖြစ်စေ၊ ခေါင်းရိတ်တုန်းမှာ ခပ်တိုးတိုး ရွတ်ဆိုနေပါစေ။

**ကမ္မဋ္ဌာန်းအကျိုး။** ။ဤ ကမ္မဋ္ဌာန်းအကျိုးကို ဝိနည်းမဟာဝါ အဋ္ဌကထာ၌ အလွန်အံ့ဩဖွယ်ရာ ညွှန်ပြလျက် ရှိ၏၊ ရှေးရှေးဘဝများစွာက ကမ္မဋ္ဌာန်း အခြေခံပါလာသူဖြစ်လျှင် မိုးကြိုးစက်သည် ကျောက်တောင်ကို ခွဲဖျက်လိုက်သကဲ့သို့ ကလေးမှာရှိသော ကိလေသာ အတုံးအခဲတွေ အမှုန့်အမှုန့်ပြိုကွဲကာ ခေါင်းရိတ်အပြီးမှာပင် ရဟန္တာဖြစ်နိုင်ပါသည်၊ ဘုရားလက်ထက်တော်၌ ခေါင်းရိတ်အဆုံးမှာ ရဟန္တာဖြစ်သွားသော သာမဏေတို့သည် ဤကဲ့သို့ ကမ္မဋ္ဌာန်းပေး၍ ခေါင်းရိတ်ကြသော ဆရာကောင်းများကို အမှီရကြသူများသာ ဖြစ်ပါသည်။

ထို့ကြောင့် ခေါင်းရိတ်ခါနီး၌ ဤ တစပဥ္စက ကမ္မဋ္ဌာန်းမျှကို ပြောပြပါလေဟု အဋ္ဌကထာဆရာတို့ တိုက်တွန်းကြပါသည်၊ ယခုခေတ် ကလေးများသည် ရှေးရှေးဘဝက ကမ္မဋ္ဌာန်း အထုံမရ၍ ရဟန္တာမဖြစ်စေကာမူ ဤ ကမ္မဋ္ဌာန်းသည်ပင် သာမဏေဘဝ၌ နေသမျှ နှလုံးသွင်းကာ အထုံပါစေရမည် ဖြစ်၍ နောက် သာသနာအတွက် အဆက်ကောင်း ရဘို့ရာ ယခုခေတ် ဆရာကောင်းဖြစ်သူများသည် ယခုခေတ် ကလေးများအား ပြောပြဖြစ်အောင် ကြိုးစားကြပါလေ။